လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် – မြန်မာနိုင်ငံ

# တရားမျှတမှုစာစောင်

## ဒီဇင်ဘာလ ၂၀၂၂ ခုနှစ်

**Thematic**
အကြောင်းအရာအလိုက် သုံးသပ်ချက်

**Situation Overview**
အခြေအနေအကျဉ်းချုပ်

**Member Update**
အဖွဲ့ဝင်များ၏ နောက်ဆုံးရသတင်း

# အကြမ်းဖက်စစ်အာဏာရှင်ကြောင့် မအေးချမ်းနိုင်သေးသည့် မြန်မာပြည်သူများ၏ဘဝ

အေးမြသည့်ဆောင်းရာသီ ခရစ္စမတ်အချိန်အခါတွင် တစ်ကမ္ဘာလုံးရှိ ပြည်သူများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ခေတ္တရပ်နားကာ မိသားစုဝင်များနှင့် အေးချမ်းစွာ အတူနေထိုင်ချိန်၊ ပျော်ပွဲရွှင်ပွဲများ ဆင်နွှဲနေချိန် မိမိတို့မြန်မာနိုင်ငံတွင်အကြမ်းဖက် စစ်အာဏာသိမ်းခေါင်း ဆောင် မင်းအောင်လှိုင်၏ အာဏာတပ်မက်မှုကြောင့် တိုင်းရင်းသားပြည်သူလူထုအပေါင်းတို့သည်  တောတောင် လျှိုမြောင်များတွင် အသက်ဘေးမှ လွတ်မြောက်နိုင်ရန် အခက်အခဲပေါင်းစုံကို ခံစားလျှက် စစ်ဘေးရှောင်နေကြရသည်။ အကြမ်းဖက်စစ်တပ် အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်မှစတင်ပြီး ယခုနှစ် ၂၀၂၂ ဒီဇင်ဘာလတိုင်၂ နှစ်နီးပါး အချိန်အတွင်းတွင်  တိုင်းရင်းသား ပြည်သူများအပေါ် နည်းမျိုးစုံဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ရက်စက်ယုတ်မာသည့်  စစ်ရာဇဝတ်မှုများ၊ လူအစုလိုက် အပြုံလိုက်သတ်ဖြတ်မှုများ စသည့် ဒုစရိုက်မှုမှန်သမျှကို မြန်မာနိုင်ငံဒေသအားလုံး နီးပါး၌  စနစ်တကျ စီမံကျူးလွန်လျက်ရှိသည်။



စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် ကံသစ်ရွာ မီးရှို့ခံထားရသည်အား ၂၀၂၂ ခုနှစ် ဇွန်လ ၁၀ ရက်နေ့က တွေ့ရစဉ်။
Photo : Citizen Journalist

အထူးသဖြင့် ယခုနှစ် ၂၀၂၂ ဒီဇင်ဘာလတွင် ကချင်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယား (ကရင်နီ) ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စစ်ကောင်စီ၏ အဆက်မပြတ် လေကြောင်းပစ်ခတ်မှုများနှင့် မြေပြင်ထိုးစစ်များသည် တစ်ရှိန်ထိုး မြင့်တက်လာခဲ့သည်။ အကြမ်းဖက်စစ်တပ်သည် အရပ်သားပြည်သူများ နေထိုင်ရာ နေရာများအား ပစ်မှတ်ထားတိုက်ခိုက်လာခြင်းကြောင့် ပြည်သူများသည် အသက်ဘေးမှလွတ်မြောက်ရာသို့ထွက်ပြေးခိုလှုံနေရသည်။ ထိုနည်းတူ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်ဒေသ တွင်လည်း အကြမ်းဖက်စစ်တပ်သည် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တပ်များကို ထိုးစစ်ဆင်တိုက်ခိုက်လာမှုကြောင့် ပြည်သူအများအပြားသည် ရွာလုံးကျွတ်ထွက်ပြေး တိမ်းရှောင်နေရသည်။

# အကြမ်းဖက်စစ်အာဏာရှင်ကြောင့် မအေးချမ်းနိုင်သေးသည့် မြန်မာပြည်သူများ၏ဘဝ

ထို့အပြင်ယခင်က စစ်တပ်အား ခုခံတော်လှန်ခြင်း လုံးဝမရှိခဲ့သော စစ်ကိုင်းနှင့် မကွေးတိုင်းဒေသများတွင်ပါ အကြမ်းဖက်စစ်တပ်၏ လေကြောင်းနှင့်မြေပြင် ထိုးစစ်ဆင်တိုက်ခိုက်မှုများ၊ နေအိမ် မီးတင်ရှို့မှုများနှင့် မတရားဖမ်းဆီး သတ်ဖြတ်မှုများကြောင့် စစ်ဘေးရှောင်ပြည်သူ အများအပြားရှိနေသည်။



၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့က ဖားကန့်မြို့နယ် အနန့်ပါကျေးရွာအနီးတွင် စစ်ကောင်စီတပ်၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် မြင်ကွင်း။ Photo : Citizen Journalist

တစ်ဖက်တွင် အကြမ်းဖက်စစ်တပ်သည် ပြည်သူများ၏ အသက်အိုးအိမ်များကို  လေကြောင်းမှ ဗုံးကျဲ တိုက်ခိုက်မှုကို အရှိန်မြှင့်ချင်သောကြောင့် ခေတ်မီတိုက်လေယာဉ်သစ်များ ထပ်မံဝယ်ယူခြင်းဖြင့် တိုင်းပြည်ဘဏ္ဍာကို သုံးဖြုန်းနေသည်။ ထိုခေတ်မီ တိုက်လေယာဉ်များသည် လူအစုလိုက်အပြုံလိုက် သေစေနိုင်သော ဗုံးတန်ချိန် ၃၀၀၀ ကီလိုဂရမ်အထိ တင်ဆောင်အသုံးပြုနိုင်သည်မှာ ဖားကန့်မြို့၊ အနန့်ပါဒေသ တိုက်ခိုက်ခံရမှုဖြစ်စဉ်မှ သက်သေပြနေသည်။ ထို့ပြင် စစ်ကိုင်းတိုင်း လက်ယက်ကုန်းတွင် ကလေးသူငယ်များအပါအဝင် လူအစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်ခံရမှု၊ ကယား(ကရင်နီ) ပြည်နယ်၊ ဖရူဆိုမြို့နယ် မိုဆိုကျေးရွာအနီး  လူအစုံလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခံရမှု စသဖြင့် နေရာဒေသအသီးသီးတွင် အကြမ်းဖက်စစ်ကောင်စီမှ လူသားမျိုးနွယ် အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို တစိုက်မတ်မတ် ကျူးလွန်နေသောကြောင့် မြန်မာပြည်သူများ၏ ဘဝအခြေအနေသည်  ယနေ့အချိန်အထိ မအေးချမ်းနိုင်ပါ။

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကို အာဏာသိမ်း စစ်ကောင်စီမှ နောက်ဆုံးလက်ကျန် အဂတိမှု ငါးမှုအတွက် ၂၀၂၂ ဒီဇင်ဘာ ၃၀ ရက်နေ့တွင် ထောင်ဒဏ် ၇ နှစ် ထပ်တိုးချလိုက်သော  ကြောင့်  စုစုပေါင်း  ထောင်ဒဏ်  ၃၃  နှစ် ကျခံရရန်ရှိနေသည်။

## အကြမ်းဖက်စစ်အာဏာရှင်ကြောင့် မအေးချမ်းနိုင်သေးသည့် မြန်မာပြည်သူများ၏ဘဝ

ဒေါ်အောင်ဆန်းစုကြည်အပေါ် အာဏာသိမ်းစစ်ကောင်စီမှ ထပ်တိုးထောင်ဒဏ်များ ချမှတ်လိုက်ခြင်းကို ရှုတ်ချကြောင်း နှင့် ***"တရားဥပဒေစိုးမိုးရေးကို မထီမဲ့မြင်ပြု စော်ကားလိုက်သည့်လုပ်ရပ်ဖြစ်သည်"*** ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောခွင့်ရှိသူက မှတ်ချက်ပြုခဲ့သည်။


အကြမ်းဖက်စစ်အုပ်စုမှ ယခုကဲ့သို့ နိုင်ငံတဝှမ်းရှိ ပြည်သူများအပေါ် လူမဆန်သော ရာဇဝတ်မှုများ ဆက်လက်ကျူးလွန်နေခြင်းသည် ဆယ်စုနှစ်များစွာ ၎င်းတို့ကျူးလွန်ခဲ့သော နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ယူမှု တာဝန်ခံမှုမရှိခြင်းနှင့် တရားမျှတမှုတို့ကို မဖော်ဆောင်နိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ အကြမ်းဖက်စစ်အုပ်စု၏ လုပ်ရပ်များသည် မိမိတို့ပြည်သူများကို လွန်စွာဒုက္ခ ရောက်စေပြီး ပြည်သူများ၏ လူသားလုံခြုံမှုကို ကင်းမဲ့စေသည်။ ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီ၏ ပြည်သူများအပေါ် ကျူးလွန်သည့် ရက်စက်ယုတ်မာမှုများအတွက် နိုင်ငံတကာ ဥပဒေကြောင်း အရသာမက တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံးအနေဖြင့်လည်း တရားမျှတမှုရရှိရေးအတွက် မဆုတ်မနစ် ရှေ့ဆက် တွန်းလှန်တိုက်ပွဲဝင်ရမည် ဖြစ်သည်။



နိုဝင်ဘာလ ၁၃ ရက်နေ့မှာ မီးရှို့ခံခဲ့ရတဲ့ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ် ထန်းကြီးရွာ
( Photo: Pyay kyaw– 96Soldiers)

# အကြမ်းဖက်စစ်အာဏာရှင်၏လူ့အခွင့်အရေးချိုးဖောက်မှုများပြဇယား

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်မှ (၃၁) ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ





| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ကျူးလွန်သည့် အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | စစ်ကိုင်း | ၁၅ | |
| ၂ | မကွေး | ၁၀ | |
| ၃ | ပဲခူး | ၁ | |
| ၄ | မန္တလေး | ၆ | |
| ၅ | ကရင် | ၄ | |
| ၆ | ကချင် | ၅ | |
| ၇ | တနင်္သာရီ | ၃ | |
| ၈ | ကယား | ၁ | |
| ၉ | ရှမ်း | ၁ | |
| ၁၀ | မွန် | ၁ | |

မန္တလေးရှိ ပုဂ္ဂလိက ဆေးရုံ၊ဆေးခန်းများကို ပိတ်ရန် ညွှန်ကြားခဲ့ပြီး ဆရာဝန်များကို ဖမ်းဆီးခဲ့သည်။ မန္တလေးမှ ၁၆ ဦးကို ဖမ်းဆီးရမိသည်ဟု စစ်ကောင်စီက ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်တွင် အမျိုးသမီး (၂၀)ဦး၊ ခင်ဦးမြို့နယ်တွင် ဒေသခံ (၂၀)ဦးထက်မနည်း နှင့် မန္တလေးတိုင်း မတ္တရာမြို့နယ်တွင် ပြည်သူ (၃၀) ကျော် တို့ကို အာဏာသိမ်း စစ်တပ်က ဖမ်းဆီးခဲ့သည်။ မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင်စစ်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သောကြောင့် ပြည်သူ (၄)ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၁ လုံး ပျက်စီးခဲ့သည်။ မကွေးတိုင်း ဆောမြို့နယ်၊ ကရင်ပြည်နယ် လေးကေ့ကော်မြို့သစ်နှင့် ကော့ကရိတ်မြို့၊ ကချင်ပြည်နယ် ဗန်းမော်မြို့ တို့တွင် စစ်အာဏာရှင်တပ်က လေကြောင်း အသုံးပြု ပစ်ခတ်ကာ ဗုံးကြဲ တိုက်ခိုက်မှုမျိုး ပြုလုပ်ခဲ့သည်။ ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့တွင် စစ်ရှောင်များကို ကူညီမှုကြောင့် ညောင်အုပ် ဆရာတော်နှင့် ရွာခံ ၇ ဦးအား စစ်အာဏာရှင်တပ်က ဖမ်းဆီးခဲ့သည်။

*Spring Archive မှ သတင်းမီဒီယာများကို စောင့်ကြည့်လေ့လာ၍ မှတ်တမ်းတင်ထားသည်။*

# အကြမ်းဖက် စစ်အာဏာရှင်၏ လူ့အခွင့်အရေးချိုးဖောက်မှုများ ပြဇယား

## ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှ ၃၁ ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ




| စဉ် | လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ | အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း | ၇ | |
| ၂ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း | ၆ | |
| ၃ | လေကြောင်းအသုံးပြုခြင်း | ၆ | |
| ၄ | လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း | ၁၀ | |
| ၅ | ဗုံးကြဲတိုက်ခိုက်ခြင်း | ၇ | |
| ၆ | ဖမ်းဆီးခံရခြင်း | ၁၀ | |
| ၇ | ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း | ၅ | |
| ၈ | ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ ဖျက်/ဖျက်ဆီးခြင်း | ၁၈ | |
| ၉ | ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ဖျက်/ဖျက်ဆီးခြင်း | ၂ | |
| ၁၀ | အသက်မပြည့်သေး ကလေးများသေဆုံးခြင်း | ၁ | |
| ၁၁ | နေရပ်ဒေသ စွန့်ခွာရခြင်း | ၄ | |
| ၁၂ | လျှပ်စစ်မီးဖြတ်တောက်ခြင်း | ၁ | |
| ၁၃ | ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း | ၁ | |
| ၁၄ | အသက်မပြည့်သေး ကလေးများ ထိခိုက်ခြင်း | ၁ | |
| ၁၅ | မြေမြှုပ်မိုင်း | ၁ | |
| ၁၆ | ပြည်သူများကို မီးရှို့သတ်ခြင်း | ၃ | |

မကွေးတိုင်း ထီးလင်းတွင် အသက်မပြည့်သေးသော ကျောင်းသား ၁ ဦး မိုင်းနင်းမိပြီး အသက်အန္တရာယ် စိုးရိမ်ခဲ့ရသည်။ ပဲခူးတိုင်း မုန်းမြို့နယ်တွင် စစ်အာဏာရှင်တပ်က ပစ်ခတ်လိုက်သော လက်နက်ကြီး ကျည် ထိမှန်၍ အသက် ၇ နှစ်အရွယ်  ကလေးငယ် ၁ ဦး သေဆုံးခဲ့သည်။ တနင်္သာရီတိုင်း ရေဖြူမှာ အမျိုးသမီး ၁ ဦးကို စစ်ကားဖြင့် တိုက်သတ်ခဲ့သောကြောင့် သေဆုံးခဲ့ရသည်။ ပြည်သူများကို ဖမ်းဆီး နှိပ်စက် သတ်ဖြတ်ခြင်းများ ဆက်လက်ကျူးလွန် လျက်ရှိသည်။

*Spring Archive မှ သတင်းမီဒီယာများကို စောင့်ကြည့်လေ့လာ၍ မှတ်တမ်းတင်ထားသည်။*

# မြန်မာနိုင်ငံတဝှမ်း လူတစ်သိန်းကျော် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများအရေးပေါ်လိုအပ်နေသည်။

## ပြည်နယ် / တိုင်းဒေသအတွင်းရှိ အပစ်ဝင်နယ်မြေများ၏ အခြေအနေအပေါ် ခြုံငုံသုံးသပ်ခြင်း။

### ကချင်ပြည်နယ်

၂၀၂၂ ဒီဇင်ဘာလ ၅ရက်နေ့တွင် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းချုပ် ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိ အသင်းချုပ်၏ အတိုင်ပင်ခံတစ်ဦးဖြစ်သည့် သိက္ခာတော်ရ ဆရာတော် Rev. Dr. Hkalam Samson အား အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးထားသည်မှာ ယနေ့အချိန်အထိ အဆက်အသွယ် မရရှိသေးပေ။ ဆရာတော်သည် စစ်ဘေးရှောင်ပြည်သူများအရေးနှင့် တရားမျှတရေးအတွက် အစဉ်အမြဲ ရှေ့တန်းမှ တက်ကြွစွာ ပါဝင်နေသူ တစ်ဦးဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အင်အား ၁၀၀ ခန့်ရှိသည့် အကြမ်းဖက်စစ်တပ်သည် ကချင်ပြည် နယ်၊ အင်ခိုင်ဘွမ်မြို့ရှိ ငွေပျော်စံပြကျေးရွာအတွင်းသို့ စစ်ကြောင်းထိုး ဝင်ရောက်လာပြီး ရွာသား ၁၀၀ခန့် အား ၅နာရီကြာ အကြောင်းမဲ့ မတရားဖမ်းဆီးပြီးနောက် ပြန်လွှတ်ပေးခဲ့ကြောင်း ဒေသတွင်း သတင်းရင်းမြစ် မှ သိရှိရသည်။ ဒေသခံတစ်ဦးမှလည်း “ ကျွန်မတို့ဘဝက ကြက်ကလေး၊ ငှက်ကလေးတွေလိုပါပဲ ကျွန်မတို့ရွာက စစ်တပ်နဲ့ KIA တပ်ရင်း (၁၁) ကြားမှာရှိနေတော့ တိုက်ပွဲတွေ ပြင်းထန်လာရင် ဘယ်ကိုပြေးရ မှန်းတောင်မသိတော့ဘူး” ဟု ပြောသည်။

### ကယား (ကရင်နီ) ပြည်နယ်

၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၃ရက် နံနက်အစောပိုင်းတွင် ကယား (ကရင်နီ) ပြည်နယ်၊ ဒီးမောဆိုမြို့၌ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားပြီးနောက်၊ အကြမ်းဖက်စစ်တပ်မှ လေကြောင်းမှ အနည်းဆုံးအကြိမ် ၂၀ ထက်မနည်း အဆက်မပြတ် ဗုံးကျဲတိုက်ခိုက်ခဲ့သည်ဟု ဒီးမောဆို ပြည်သူ့ကာကွယ်ရေးတပ်မှ သတင်းထုတ်ပြန်သည်။ လွိုင်ကော်ဒေသခံ တစ်ဦးမှလည်း *“တိုက်ပွဲတွေငြိမ်သွားသည့်တိုင် အကြမ်းဖက်စစ်ကောင်စီမှ လေယာဉ်ဖြင့် ဆက်တိုက် ဗုံးကျဲတိုက်ခိုက်နေတာက ဒီးမောဆိုမှာပဲ မဟုတ်ဘူး၊ ကျွန်မတို့လွိုင်ကော်အနီးမှာလည်းဟုတ်တယ်၊ အသံတွေလည်း ကြားနေရတယ်”* ဟု ကန္တာရဝတီတိုင်း(မ်) သို့ပြောသည်။ ဒီဇင်ဘာလ ၅ရက်နေ့တွင် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ပူးပေါင်းအဖွဲ့နှင့် အကြမ်းဖက်စစ်တပ်ကြား ဒီးမောဆိုမြို့နယ်တွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီးနောက် အကြမ်းဖက်စစ်ကောင်စီတပ်မှ ၂၀ ဦး ထိခိုက်သေဆုံးခဲ့ပြီး၊ ၄ ဦးကို အရှင် ဖမ်းမိကြောင်းနှင့် လက်နက်များလည်း သိမ်းဆည်းရမိကြောင်း KNDF မှ သတင်းထုတ်ပြန်ခဲ့သည်။

# ပြည်နယ် / တိုင်းဒေသအတွင်းရှိ အဖွဲ့ဝင်နယ်မြေများ၏ အခြေအနေအပေါ် ခြုံငုံသုံးသပ်ခြင်း။



## ကရင်ပြည်နယ်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၆ရက်တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့တွင် ကရင်လက်နက်ကိုင် တော်လှန်ရေးတပ်နှင့် အကြမ်းဖက်စစ်တပ်အကြား တိုက်ပွဲဖြစ်ပွားပြီးနောက်၊ အကြမ်းဖက် စစ်ကောင်စီမှ ဒုတပ်ရင်းမှူး ဗိုလ်မှူးတစ်ဦး၊ ဗိုလ်ကြီးတစ်ဦး စုစုပေါင်း စစ်သည်အနည်းဆုံး ၆ ဦး သေဆုံးခဲ့သည်။

ဒီဇင်ဘာလ ၁၇-၁၈ နှစ်ရက်ဆက်တိုက် အကြမ်းဖက်စစ်ကောင်စီမှ ကရင်ပြည်နယ် ဝါတိုးလောနှင့် ကလိုခီး ကျေးရွာများသို့ ဗုံးကျဲတိုက်ခိုက်ခဲ့သောကြောင့် နေအိမ် ၁၉လုံး ပျက်စီးဆုံးရှုံးခဲ့ရသကဲ့သို့၊ စပါးများသိုလှောင်ထားရာ စပါးကျည်များလည်း မီးလောင်ဆုံးရှုံးခဲ့ရသည်။ ဒေသခံရွာသူ၊ ရွာသား များမှာလည်း တောတောင်များသို့ ထွက်ပြေးတိမ်းရှောင်နေရသောကြောင့် စားနပ်ရိက္ခာများနှင့် အမိုးအကာများ အရေးပေါ်လိုအပ်လျက်ရှိသည်ဟု ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN) မှ ထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၁၉ရက်နေ့တွင်လည်း အကြမ်းဖက်စစ်တပ်မှ ကော့ကရိတ်မြို့၊ ကောက်နွယ်ကျေးရွာ အတွင်းသို့ လက်နက်ကြီးဖြင့် အကြောင်းမဲ့ရမ်းသမ်းပစ်ခတ်ခဲ့မှုကြောင့် ၉ နှစ်အရွယ်ကလေးတစ်ဦး နှင့် အသက် ၉၀ အရွယ်ရှိ အဖိုးအိုတစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။



## ချင်းပြည်နယ်

၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၁၀ရက်နေ့ ချင်းပြည်နယ်တောင်ပိုင်း၊ ကန်ပက်လက်မြို့ရှိ မြတ်ပင်ကြီးရွာတွင် အကြမ်းဖက်စစ်တပ်မှတိုက်ပွဲများမရှိပဲ လက်နက်ကြီးဖြင့် အကြောင်းမဲ့ရမ်းသမ်း ပစ်ခတ်ခဲ့သောကြောင့် တောင်စောင်းတွင် ထွက်ပြေးပုန်းရှောင်နေသောဒေသခံ အမျိုးသား ၃ ဦး နှင့် အမျိုးသမီး ၁ ဦး အမြောက်ကျည်ထိမှန်ကာ ထိခိုက်ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ထိုထိခိုက်ဒဏ်ရာရသူများထဲမှ ၂ ဦးမှာ အသက် ၅၀ နှင့် ၇၀ ကြားရှိသူများဖြစ်ပြီး အခြေအနေစိုးရိမ်ရကြောင်း စစ်ဘေးရှောင် ပြည်သူများကို ကူသမှုကူညီပေးနေသည့် စေတနာ့ဝန်ထမ်းတစ်ဦးမှ ဒေသတွင်းသတင်းမီဒီယာ Khonumthung မီဒီယာ သို့ပြောသည်။

ဆမီးနှင့် ကန်ပက်လက်တွင် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ လစဉ်အမိက ကူညီပံ့ပိုးပေး နေသော်လည်း ယခုအချိန်တွင်အကြမ်းဖက်စစ်တပ်မှ ရေလမ်းကြောင်း များပိတ်ဆို့ထားသောသာကြောင့် စစ်ရှောင်ပြည်သူများအတွက် ရိက္ခာစိုးရိမ်နေရသည်ဟု စေတနာ့ဝန်ထမ်းတစ်ဦးမှလည်း  Khonumthung မီဒီယာသို့ ပြောသည်။

## မွန်ပြည်နယ်

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၁ရက်နေ့ မွန်ပြည်နယ်၊ ရေးမြို့နယ်ရှိ စံပြနှင့် နှင်းဖုံကျေးရွာကြားရှိ ရော်ဘာခြံ တွင် နေ့ခင်းပိုင်း အလုပ်လုပ်နေသော မိခင်နှင့် ကိုယ်ဝန်ဆောင်နေသောသမီး သားအမိနှစ်ဦးစလုံး အား အကြမ်းဖက် စစ်ကောင်စီတပ်သားများမှ အဓမ္မကျင့်ခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်ပြီး ဒေသခံရွာသားပြောသည်မှာ *“အဲဒီရော်ဘာခြံမှာ မိခင်၊ ကိုယ်ဝန်ဆောင်သမီးနှင့် သူမရဲ့ခင်ပွန်း ၃ ဦးက ရော်ဘာခြံမှာ အလုပ်လုပ်နေတဲ့အချိန် အကြမ်းဖက်စစ်သားများ ရောက်လာပြီးတော့ ခင်ပွန်းဖြစ်သူကို ရွာထဲသို့ အရက်ဝယ်ခိုင်းလိုက်တယ်။ ခင်ပွန်းက အရက်ဝယ်ဖို့စိုက်ခင်းထဲက ထွက်သွားတဲ့အချိန် စစ်သားတွေက သူ့မိန်းမနဲ့ မိခင်ကို အဓမ္မပြုကျင့်ခဲ့တာဖြစ်တယ်”* ဟု ND-Burma အဖွဲ့ဝင်အဖွဲ့စည်းဖြစ်သည့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း HURFOM သို့ ပြောခဲ့သည်။

မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခံခဲ့ရသည့် ရာဇဝတ်မှုများအတွက် ရဲစခန်းများသို့ သွားရောက်တိုင်းကြားသော်လည်း အာဏာပိုင်များမှ လျစ်လျူရှုထားလေ့ရှိသည်။

## ရခိုင်ပြည်နယ်

စစ်ကောင်စီ၏ ဥပဒေမဲ့လုပ်ရပ်များ တိုးလာသည်နှင့်အမျှ ရာဇဝတ်မှုများသည်လည်း အထူးသဖြင့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်တွင် ကျယ်ကျယ်ပြန့်ပြန့် တိုးလာနေသည်။ ခိုးမှု၊ဖောက်ထွင်းမှု၊ လုယက်မှု နှင့် အုပ်စုဖွဲ့လုယက်မှုများသည် တစ်နေ့ထက်တစ်နေ့ မြင့်တက်လာသောကြောင့် ဒေသခံများမှ စိုးရိမ်ပူပန်နေကြသည်။ ဒေသခံတစ်ဦးမှ *“၂၀၂၂ ဒီဇင်ဘာ ၁၄ရက်နေ့၊ ညက မြောက်ဦးမြို့၊ ရွှေကူတောင်ရပ်ကွက်မှာရှိတဲ့ နေအိမ်တစ်လုံး ဖောက်ထွင်းခံရပြီး ဖုန်း ၃ လုံးနဲ့ ပိုက်ဆံ သုံးသိန်းကျပ် ခိုးယူခံခဲ့ရတယ်။ အိမ်ရှင်က သူခိုးတွေကို မြင်ပေမယ့် ဘာမှမပြောရဲဘူး။ ခိုးတဲ့သူတွေက အုပ်စုလိုက်ဖြစ်တယ်၊ ပြီးတော့ ဓါး၊ ဓါးမြှောင်၊ ဒုတ် စတဲ့ လက်နက်တွေ ပါလာတတ်တော့ ပြည်သူတွေက ပြန်မတိုက်ရဲတော့ဘူး”* ဟု Narinjara သတင်းတွင် ဖော်ပြထားသည်။



## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့ ကောင်းဆန်းရွာတွင်ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) မြောက်ပိုင်းနှင့် အကြမ်းဖက်စစ်တပ်ကြား ၂၀၂၂ နိုဝင်ဘာ ၂၅ရက်နေ့တွင် နှစ်ဖက်ထိတွေ့တိုက်ပွဲပြင်းထန်ခဲ့သည်။ အကြမ်းဖက်စစ်တပ်၏ ပြည်သူများပါမရှောင် ရမ်းသမ်းပစ်ခတ်မှုကြောင့် ရွာသား ၇၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ တိုက်ပွဲဖြစ်ပွါးချိန်သည် ရှမ်းနှစ်သစ်ကူးပွဲ တော်ကာလအတွင်းဖြစ်သည်။ အကြမ်းဖက်စစ်တပ်မှ ရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ကျေးရွာရှိ အိမ်ပေါင်း ၁၄ အိမ် ပျက်ဆီးသွားခဲ့သော်လည်း၊ ကံကောင်းထောက်မစွာ ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ပေ။



## တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်ရှိ ရွာများတွင် ၂၀၂၂ နိုဝင်ဘာလ နောက်ဆုံးပတ်မှစပြီး တိုက်ပွဲများဖြစ်လာသောကြောင့် ရာနှင့်ချီသော ကျေးရွာသားများသည် မိမိတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။ ယနေ့အချိန်ထိလည်း အိမ်ပြန်လို့မရသေးကြောင်းနှင့် အစာရေစာ ပြတ်လပ်မှုဒဏ်ကိုခံနေရသည်ဟု ဒေသခံသတင်းများအရ သိရသည်။

ဒီဇင်ဘာလ ၄ ရက် နေ့မှ ၁၀ရက်နေ့ အတွင်းတွင်လည်း အကြမ်းဖက်စစ်ကောင်စီမှ ရတနာပုံ (သတ္တုတွင်း) ကျေးရွာတွင် နေထိုင်သည့် ဒေသခံရွာသား ၄၀၀အား ထိုင်း–မြန်မာနယ်စပ်ဖက်သို့ အတင်းအဓမ္မရွှေ့ပြောင်းခိုင်းခဲ့ကြောင်း နှင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အပါအဝင် လူပေါင်း ၇၀၀ ခန့်သည် ဆေးဝါးနှင့် အစာရေစာများပြပ်လပ်နေမှုကြောင့် ရှင်သန်ရန်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ဒီဇင်ဘာ ၁၉ရက်နေ့တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) မှ သတင်းထုတ်ပြန်ခဲ့သည်။



## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်း ကြည်ရွာအား ၂၀၂၂ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်မှ ဒုတိယအကြိမ် မီးတင်ရှို့ခဲ့ပြီး ဒီဇင်ဘာလအတွင်း ရွာပေါင်း ၃၀ ခန့်မှ နေအိမ် သုံးထောင်ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ နှစ်ကြိမ်မီးရှို့ခံရသောကြောင့် အိမ်ခြေ ၇၀၀ ကျော်ရှိသည့် ကြည်ရွာတွင် အိမ်ခြေ ၂၀၀ ခန့်သာ ကျန်တော့သည်ဟု ဒေသခံတို့၏ အဆိုအရ သိရသည်။

# အဖွဲ့ဝင်အဖွဲ့အစည်းများ၏ နောက်ဆုံးရသတင်း

## Human Rights Foundation of Monland

မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM )မှ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင်  ဖြစ်ပျက်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ အစီရင်ခံစာကို  အပတ်စဉ် ထုတ်ပြန်လျက်ရှိသည်။

## Assistance Association for Political Prisoners (Burma)

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(AAPP) မှ စစ်အာဏာသိမ်းပြီးနောက် လတ်တလောဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်ပတ်သက်၍ နေ့စဉ်ထုတ်ပြန်လျက်ရှိသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ဖရူဆိုမြို့နယ် မိုဆိုရွာအနီးရှိ လမ်းပေါ်တွင် ကရင်နီစစ်ဘေးရှောင် ပြည်သူများအား အာဏာရှင်စစ်တပ်မှ အစုလိုက်အပြုံလိုက် အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်းခံရမှု အဖြစ်အပျက် တစ်နှစ်ပြည့် ***"ငိုကြွေးနေသော ဘဝများ"*** ဆိုသည့် အစီရင်ခံစာအား လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma)မှ ထုတ်ပြန်ခဲ့သည်။




https://nd-burma.org/

https://twitter.com/NDBurma

https://www.facebook.com/theNDBurma